# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၁/၂၀၀၂)
## ၁၃၆၃ ခုနှစ်၊ တပို့တွဲလဆန်း ၂ ရက်
## (၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်)

[ ပြင်ဆင် : 15.10.2013 ]

Myanmar Law Information System (MLIS)

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တက္ကသိုလ်** ဆိုသည်မှာ ဤဥပဒေအရ တည်ထောင်သည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ဆိုသည်။

(ခ) **ကောင်စီ** ဆိုသည်မှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ လုပ်ငန်းတာဝန်များကို ကြီးကြပ်ရန် ဤဥပဒေအရ ဖွဲ့စည်းသည့် တက္ကသိုလ်ကောင်စီကိုဆိုသည်။

(ဂ) **ပါမောက္ခချုပ်** ဆိုသည်မှာ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၏ ပါမောက္ခချုပ်ကိုဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ပို့ဆောင်ရေးဝန်ကြီးဌာနကို ဆိုသည်။

<ပြင်ဆင် 15.10.2013>

## အခန်း(၂)
## တည်ထောင်ခြင်း

၃။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကို ဤဥပဒေ စတင် အာဏာသက်ရောက်သည့်နေ့မှစ၍ တည်ထောင်လိုက်သည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် တက္ကသိုလ်နှင့်ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သလို တည်ထောင်နိုင်သည်။

## အခန်း(၃)
## တက္ကသိုလ်၏ ရည်မှန်းချက်များ

၅။ တက္ကသိုလ်၏ ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရေကြောင်းပညာဖြင့် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်၊

(ခ) ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံပြီး ကျွမ်းကျင်သော ရေကြောင်းပညာရှင်များ မွေးထုတ်နိုင်ရန်၊

(ဂ) ရေကြောင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းမှုကို အထောက်အကူပြုမည့် သိပ္ပံနှင့် နည်းပညာတို့ကို သင်ကြားပေးနိုင် ရန်၊

(ဃ) ရေကြောင်းပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီမံဆောင်ရွက်နိုင်ရန်၊

(င) အပြည်ပြည်ဆိုင်ရာ ရေကြောင်းအဖွဲ့ချုပ်က ချမှတ်ထားသည့် ပြဋ္ဌာန်းချက်များကို ရေကြောင်းပညာရှင်များ သိရှိနားလည် နိုင်စေရန်၊

(စ) ရေကြောင်းပညာရပ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့်သုတေသနလုပ်ငန်းရပ်များကို ဆောင်ရွက်နိုင်ရန်။

## အခန်း(၄)

## ကောင်စီဖွဲ့စည်းခြင်း

၆။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော တက္ကသိုလ်ကောင်စီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာ အစိုးရဌာန၊အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ | ကောင်စီဝင်များ |
| (၃) | ဘာသာရပ်ဆိုင်ရာပညာရှင်များ | ကောင်စီဝင်များ |
| (၄) | သင့်လျော်သော နိုင်ငံသားများ | ကောင်စီဝင်များ |
| (၅) | ပါမောက္ခချုပ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် | အတွင်းရေးမှူး |

(ခ) လိုအပ်ပါက ကောင်စီ၏ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်၍ တာဝန်ပေးအပ်နိုင်ပါ သည်။

(ဂ) ကောင်စီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၅)

## ကောင်စီ၏ လုပ်ငန်းတာဝန်များ

၇။ ကောင်စီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တက္ကသိုလ်၏ ပညာရေးဆိုင်ရာမူဝါဒများနှင့် လမ်းညွှန်မှုများကို ချမှတ်ခြင်း၊

Myanmar Law Information System (MLIS)

(ခ) တက္ကသိုလ်နှင့် ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများကို တည်ထောင် နိုင်ရန် ထောက်ခံတင်ပြခြင်း၊

(ဂ) တက္ကသိုလ်၏ ရည်မှန်းချက်များ အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်း အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) တက္ကသိုလ်ကအပ်နှင်းမည့် ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များသတ်မှတ်ရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(င) ပုဒ်မခွဲ(ဃ)ပါဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များအပြင် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်း နိုင်ရေးနှင့် ပညာရည်ချွန်ဆုများ ချီးမြှင့်နိုင်ရေး၊ ထိုသို့အပ်နှင်းထားသည့်ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ် နှင့် ဂုဏ်ထူးဆောင်ဘွဲ့ တစ်ခုခုအား သတ်မှတ်ချက်များ နှင့် မညီညွတ်ကြောင်း လုံလောက်သော အကြောင်း ပေါ်ပေါက်လာပါက ပြန်လည် ရုပ်သိမ်းနိုင်ရေးတို့ အတွက် တက္ကသိုလ်သို့ လမ်းညွှန်ခြင်း၊

(စ) နိုင်ငံခြားတိုင်းပြည်များက အပ်နှင်းသည့် ရေကြောင်းဘက်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များကို လိုအပ်ပါက အသိအမှတ်ပြုနိုင်ရေးအတွက် ဆောင်ရွက်ခြင်း၊

(ဆ) တက္ကသိုလ်တွင် တာဝန်ထမ်းဆောင်မည့် ဆရာများ၏ ပညာအရည်အချင်းကို သတ်မှတ်ခြင်း၊

(ဇ) နိုင်ငံတော်၏ လိုအပ်ချက်နှင့်အညီ တက္ကသိုလ်တွင် လက်ခံသင်ကြားမည့် ကျောင်းသားဦးရေ သတ်မှတ်ခြင်း၊

(ဈ) ရေကြောင်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်စေရန် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရေးနှင့် အဆိုပါ ပညာရပ်များ ပြန့်ပွားရေးတို့အတွက် စီမံချက်များ ချမှတ် ဆောင်ရွက်ခြင်း၊

(ည) ရေကြောင်းဘက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းရေးနှင့် စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဋ) တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်း တာဝန်များကိုလည်းကောင်း တက္ကသိုလ်နှင့် ပေါင်းကူးဆက်သွယ်သည့် ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများ၏ ပညာရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်း တာဝန်များကိုလည်းကောင်း၊ ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းနှင့် တင်ပြချက် များကို ဆုံးဖြတ်ခြင်း၊

(ဌ) လိုအပ်သောကျွမ်းကျင်မှု အကူအညီနှင့် အခြားအကူအညီများကို အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများထံမှ ရယူခြင်း၊

(ဍ) ကောင်စီ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်သောအဖွဲ့ငယ်များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

<ပြင်ဆင် 15.10.2013>

၈။ ဝန်ထမ်းမဟုတ်သော ကောင်စီဝင်များသည် ပို့ဆောင်ရေးဝန်ကြီးဌာနကသတ်မှတ်သည့် ချီးမြှင့်ငွေများကို ခံစားခွင့်ရှိသည်။

## အခန်း(၆)

## တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့များ ဖွဲ့စည်းခြင်း

၉။ ကောင်စီသည် တက္ကသိုလ်တွင် သင်ကြားပို့ချမည့် ဘာသာရပ်များအလိုက် သင်ရိုးမာတိကာ၊ သင်ရိုး ညွှန်းတမ်းများနှင့် စာအုပ်၊ စာတမ်းများကို စိစစ်အတည်ပြုသည့် လုပ်ငန်းတာဝန်များ၊ ဘွဲ့၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ချီးမြှင့်သည့်

လုပ်ငန်းတာဝန်များနှင့် ပညာရေးဆိုင်ရာ အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ပါက ပါမောက္ခချုပ် ဥက္ကဋ္ဌအဖြစ်ပါဝင် သည့် တက္ကသိုလ်ပညာရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၀။ ကောင်စီသည် တက္ကသိုလ်၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ငန်းတာဝန်များ၊ ကျောင်းသားများ၏ စည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းတာဝန်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာအခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင် ရန် ပါမောက္ခချုပ်ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် တက္ကသိုလ် စီမံခန့်ခွဲရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၁၁။ ကောင်စီသည် တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်။

၁၂။ တက္ကသိုလ်ပညာရေးအဖွဲ့နှင့် တက္ကသိုလ်စီမံခန့်ခွဲရေးအဖွဲ့တို့တွင် ပါဝင်သော ဝန်ထမ်း မဟုတ်သည့် အဖွဲ့ဝင် များသည် ပို့ဆောင်ရေးဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း(၇)

## ဝန်ထမ်းဖွဲ့စည်းပုံ

၁၃။ ကောင်စီသည် ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကိုအခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို သတ်မှတ်ချက်များနှင့်အညီ ရေးဆွဲ၍ အတည်ပြုထားရှိရမည်။

၁၄။ ကောင်စီသည် ဆရာများနှင့် ဝန်ထမ်းများကို ခန့်ထားရာတွင်-

(က) တည်ဆဲစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင် ခွင့်ရှိ သည်။

(ခ) ပညာသင်ကြားရေးနှင့် စီမံခန့်ခွဲရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်မည့် ဆရာများနှင့် ဝန်ထမ်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူခန့်ထားနိုင်သည်။

၁၅။ ကောင်စီသည် ဝန်ထမ်းရေးရာ လုပ်ပိုင်ခွင့်များကို ပါမောက္ခချုပ်အား လိုအပ်သလို လွှဲအပ်ဆောင်ရွက် စေနိုင် သည်။

## အခန်း(၈)

## ဘဏ္ဍာရေး

၁၆။ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို ပို့ဆောင်ရေးဝန်ကြီးဌာနသို့ တင်ပြ၍ သဘောတူညီ ချက် ရယူပြီး ဆောင်ရွက်ရမည်။

၁၇။ ပါမောက္ခချုပ်သည် တက္ကသိုလ်၏ ရငွေနှင့် အသုံးစရိတ်များကို တည်ဆဲဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက် များနှင့်အညီ စာရင်းအင်းထားရှိခြင်း၊ ပေးသွင်းခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

၁၈။ (က) တက္ကသိုလ်တွင် ရန်ပုံငွေတစ်ရပ်ကို ထူထောင်ရမည်။ ထိုရန်ပုံငွေတွင် အောက်ပါတို့ ပါဝင်စေရမည်-

(၁) တက္ကသိုလ်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂိုလ်များနှင့် အခြားစေတနာရှင်များက ၎င်းတို့၏သဘောဆန္ဒအလျောက် ထည့်ဝင်ငွေများ၊

(၂) အခြားတစ်နည်းနည်းဖြင့် လက်ခံရရှိသည့်ငွေများ။



Myanmar Law Information System (MLIS)

(ခ) တက္ကသိုလ်သည် တက္ကသိုလ်ရန်ပုံငွေကို တက္ကသိုလ်၏ ရည်မှန်းချက်များ အောင်မြင်ရေးကိစ္စများ အတွက် တက္ကသိုလ် စီမံခန့်ခွဲရေး အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်နှင့်အညီ သုံးစွဲရမည်။

<ပြင်ဆင် 15.10.2013>

## အခန်း(၉)

## အထွေထွေ

၁၉။ တက္ကသိုလ်သည်ဘွဲ့၊ ဒီပလိုမာ၊ အောင်လက်မှတ်နှင့် ရေကြောင်းဘက်ဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခွင့်ရှိသည်။

<ပြင်ဆင် 15.10.2013>

၂၀။ တက္ကသိုလ်သည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွက် ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့်၊ တရားစွဲဆို ခံနိုင်ခွင့်ရှိသည်။

<ပြင်ဆင် 15.10.2013>

၂၁။ ပို့ဆောင်ရေးဝန်ကြီးဌာနသည် ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီက တည်ထောင်ထားသော ရေကြောင်းပညာသိပ္ပံပိုင် ရန်ပုံငွေများကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွှေ့ပြောင်းနိုင် သောပစ္စည်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များကိုလည်းကောင်း တက္ကသိုလ်နှင့် ပုဒ်မ ၄ အရ တည်ထောင်သည့်ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းတစ်ခုခုအားဆက် ခံခွင့်ပြုနိုင်သည်။

<ပြင်ဆင် 15.10.2013>

၂၂။ တက္ကသိုလ်သည် ပညာရေးလုပ်ငန်းနှင့် စီမံခန့်ခွဲရေးလုပ်ငန်းများ အောင်မြင်စေရန်အလို့ငှာ ကျွမ်းကျင်မှု အကူအညီနှင့် အခြားလိုအပ်သောအကူအညီများကို ဝန်ကြီးဌာနများနှင့်ဖြစ်စေ၊ အစိုးရဌာနအဖွဲ့အစည်းများ နှင့်ဖြစ်စေ၊ အခြားပြည်တွင်း ပြည်ပ အဖွဲ့အစည်းများနှင့်ဖြစ်စေ ဆက်သွယ်ရယူနိုင်ခွင့်ရှိသည်။

<ပြင်ဆင် 15.10.2013>

၂၃။ တက္ကသိုလ်သည်ရေကြောင်းပညာနှင့်စပ်လျဉ်း၍ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကိစ္စရပ်များအတွက် လိုအပ်သောအဖွဲ့များ ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊ သင်တန်းများဖွင့်လှစ်ပေးခြင်းနှင့် အခြားလိုအပ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ခြင်းတို့ ပြုနိုင်သည်။

<ပြင်ဆင် 15.10.2013>

၂၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘော တူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့်ကောင်စီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက် နှင့် လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။



Myanmar Law Information System (MLIS)

<ပြင်ဆင် 15.10.2013>

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

Myanmar Law Information System (MLIS)